- အခွန်ပေးသွင်းသူသို့ ပြန်ပေးရမည့်ဖြတ်ပိုင်းနှင့် အထောက်အထားလက်မှတ် ပျောက်ဆုံးသွားပါက အမည်၊ Passport No. နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်တို့ဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ယူလိုကြောင်း သက်ဆိုင်ရာသံရုံး (သို့) ကောင်စစ်ဝန်ချုပ်ရုံးသို့ တင်ပြလျှောက်ထားနိုင်ပါသည်။ မိတ္တူမှန်လျှောက်ထားခြင်းအား တစ်ကြိမ်သာလျှင် လျှောက်ထားခွင့်ရှိမည်ဖြစ်ပါသည်။
- လစာဝင်ငွေခွန်ပေးသွင်းထားသည့် ပြည်ပနေနိုင်ငံသားအနေဖြင့် မိမိနိုင်ငံတွင် အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ မော်တော်ယာဉ်အစရှိသည့် အခြေပစ္စည်းများ ဝယ်ယူခြင်းအတွက် ဝင်ငွေရလမ်းစိစစ်မှုခံယူချိန်တွင် ပြည်ပနေနိုင်ငံသား၏ လစာဝင်ငွေခွန်ပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ် [ပတခ(ဝင)-၁၀-၀၁] သို့မဟုတ် [ပတခ(ဝင)-၁၀-၀၁(က)] အားတင်ပြ၍ အထောက်အထားလက်မှတ်ပါ ဝင်ငွေပမာဏကို ဝင်ငွေရလမ်းအဖြစ်ခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

## ဝင်ငွေကြေညာလွှာတင်သွင်းခြင်း

- ပြည်ပနေနိုင်ငံသားသည် ဝင်ငွေနှစ်အတွင်း မြန်မာနိုင်ငံပြင်ပ၌ ဝင်ငွေရရှိလျှင် ဝင်ငွေနှစ်ကုန်ဆုံးပြီးနောက် သုံးလအတွင်း ပြည်ပစုစုပေါင်းဝင်ငွေအတွက် ဝင်ငွေကြေညာလွှာကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်ဖြစ်ပြီး အပြီးသတ်စည်းကြပ်မှုခံယူရမည်ဖြစ်ပါသည်။ တင်သွင်းသော ဝင်ငွေကြေညာလွှာအပေါ် စည်းကြပ်မှုအရပေးဆောင်ရမည့်အခွန် ထပ်မံပေါ်ပေါက်ပါက ထိုအခွန်ကိုပေးဆောင်ရမည်ဖြစ်ပါသည်။




## ပြန်အမ်းငွေတောင်းခံခြင်း

- ဝင်ငွေနှစ်ကုန်ဆုံးချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် အဆိုပါ ဝင်ငွေနှစ်အတွင်း ဝင်ငွေမရှိကြောင်း (သို့) ပေးဆောင်ထားသည့် အခွန်ပမာဏသည် ပေးဆောင်ရန်တာဝန်ရှိသည့် ပမာဏထက် ကျော်လွန်နေလျှင် ကျော်လွန်သည့် အခွန်ငွေပေါ်ပေါက်ကြောင်း ဝင်ငွေကြေညာလွှာနှင့်အတူ သက်ဆိုင်ရာရုံးသို့ အထောက်အထားခိုင်လုံစွာတင်ပြပြီး သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ စည်းကြပ်မှုခံယူ၍ ပြန်အမ်းငွေပေါ်ပေါက်ပါက ယင်းပြန်အမ်းငွေကို ပြန်လည်တောင်းခံနိုင်သည်ဖြစ်ပါသည်။

## ကျေးဇူးတင်လွှာ

နိုင်ငံတော်အစိုးရသည် အခွန်အကောက်ရငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ ကျသင့်အခွန်များအား နိုင်ငံကြီးသားပီသစွာဖြင့် မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝအခွန်ပေးဆောင်ကြသော ပြည်ပနေနိုင်ငံသားများအား အထူးကျေးဇူးတင်ရှိပါသည်။




ပြည်တွင်းအခွန်များဦးစီးဌာန

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်)၊ အမှတ် ၁၂၈/ ၁၃၂၊ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၈-၃၈၉၃၁၁၊ ဖုန်း- ၀၁- ၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း- ၀၂- ၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ပြည်ပနေနိုင်ငံသားများ၏ ပြည်ပတွင် ရရှိသည့်လစာဝင်ငွေအပေါ် နိုင်ငံခြားငွေဖြင့် သက်ဆိုင်ရာမြန်မာသံရုံး (သို့) ကောင်စစ်ဝန်ချုပ်ရုံး၌ ဝင်ငွေခွန်ပေးဆောင်ရာတွင် သိရှိလိုက်နာဆောင်ရွက်ကြရမည့်အချက်များ




၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**
**Office Building No.(46), Nay Pyi Taw**
https://www.ird.gov.mm

**“Tax by the Law, Service by our Heart”**

## ရည်ရွယ်ချက်

- ပြည်ပနေနိုင်ငံသားများ၏ ပြည်ပတွင်ရရှိသည့် လစာဝင်ငွေအပေါ် ဝင်ငွေခွန် ပေးဆောင်ရာတွင် သိရှိလိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များအား ရှင်းလင်းစွာ သိရှိနိုင်ရန်ရည်ရွယ်၍ ဤလက်ကမ်းစာစောင်အား ရေးသားရခြင်းဖြစ်ပါသည်။

## ပြည်ပနေနိုင်ငံသား

- မြန်မာနိုင်ငံပြင်ပတွင် နှစ်တစ်နှစ်၌ မည်သည့်ကာလအပိုင်းအခြားမဆို နေထိုင်အလုပ်လုပ်ကိုင်၍ ထိုပြင်ပတွင်ဝင်ငွေရရှိသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏နိုင်ငံသားကိုဆိုသည်။

## စတင်အကျိုးသက်ရောက်သည့်နေ့

- ၁-၁၀-၂၀၂၃ ရက်နေ့မှ စတင်အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

## ဝင်ငွေခွန်ကျသင့်စေခြင်း




- ပြည်ပနေနိုင်ငံသားသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြင်ပတွင် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း မည်သည့်ကာလအပိုင်းအခြားမဆို နေထိုင်အလုပ်လုပ်ကိုင်ခြင်းမှ ထိုပြင်ပတွင်ဝင်ငွေရရှိလျှင် ရရှိသည့်ဝင်ငွေအားလုံး အပေါ် ဝင်ငွေခွန်နည်းဥပဒေများနှင့်အညီ အခွန်စည်းကြပ်မှုခံယူရမည် ဖြစ်ပါသည်။

## အခွန်ထမ်းမှတ်ပုံတင်ခြင်း



- အခွန်ထမ်းမှတ်ပုံတင်အမှတ် လျှောက်ထားခြင်းလုပ်ငန်းစဉ်ကို သီးခြားဆောင်ရွက်ရန်မလိုအပ်ဘဲ သက်ဆိုင်ရာသံရုံးများအလိုက် သတ်မှတ်ထားသည့် အခွန်ပေးဆောင်ရန်အတွက် လျှောက်လွှာပုံစံတွင် အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်ပေးရန်သာ လိုအပ်မည်ဖြစ်ပါသည်။



- သံရုံးမှတာဝန်ရှိသူက PAYE Management System တွင် လျှောက်လွှာ၌ ရေးဖြည့်ထားသည့် အချက်အလက်များကိုဖြည့်သွင်း၍ စနစ်မှအလိုအလျောက် ထုတ်ပေးသည့် အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number – TIN) ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

## သံရုံးသို့တင်ပြရမည့်အထောက်အထားများ

- နိုင်ငံကူးလက်မှတ် (မူရင်း/ မိတ္တူ) နှင့်အတူ အလုပ်နှင့်ပတ်သက်သည့် သက်ဆိုင်ရာသံရုံးများအလိုက် သတ်မှတ်ထားသည့် အထောက်အထား (မူရင်း/ မိတ္တူ) များတင်ပြရန် လိုအပ်မည်ဖြစ်ပါသည်။
- သံရုံးများ၏ အသိပေးကြေညာချက်များကို သက်ဆိုင်ရာသံရုံး၏ Website၊ Facebook Page များတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

## ဝင်ငွေခွန်ပေးဆောင်ရမည့်ကိစ္စရပ်များ

- ပြည်ပနေနိုင်ငံသားများမှ အောက်ပါကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပြည်ပ တွင် ရရှိသည့်ဝင်ငွေအပေါ် ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-က နှင့်အညီ ဝင်ငွေခွန်ကို ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်-
  - နိုင်ငံကူးလက်မှတ်အဟောင်းမှ အသစ်သို့လဲလှယ်ခြင်း၊
  - နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်း၊
  - မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – C of I) ပြုလုပ်ခြင်း၊
  - မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – C of I) သက်တမ်းတိုးခြင်း၊
  - မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – C of I) ဖြင့် နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊
  - အထွေထွေကိုယ်စားလှယ်လွှဲစာ သို့မဟုတ် အထူးကိုယ်စားလှယ်လွှဲစာ ပြုလုပ်ခြင်း၊
  - ထောက်ခံစာပြုလုပ်ခြင်း၊
  - အခွန်လာရောက်ပေးဆောင်ခြင်း၊
  - ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (Overseas Worker Identification Card– OWIC) ပြုလုပ်ခြင်း။

## ပေးဆောင်ရမည့်အခွန်နှုန်းထားများနှင့် ငွေကြေးအမျိုးအစား

- နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ သတ်မှတ် ထားသော အခွန်နှုန်းထားများအတိုင်း ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် လစာဝင်ငွေခွန်ကို ရရှိသည့်နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။

## ကျသင့်ဝင်ငွေခွန်တွက်ချက်ခြင်းနှင့် အခွန်ပေးဆောင်စေခြင်း




- လစာဝင်ငွေခွန် ပေးဆောင်မည့် အခွန်ထမ်းများ အနေဖြင့် မိမိရရှိသည့် လစာဝင်ငွေအပေါ် ပေးဆောင် ရမည့် ဝင်ငွေခွန်ပမာဏကို သိရှိနိုင်ရန် ပြည်တွင်း အခွန်များဦးစီးဌာန၏ Website (http:// www. ird.gov.mm) Home Page ရှိ လစာဝင်ငွေခွန် တွက်ချက်ရန် (ပြည်ပနေနိုင်ငံသား) Menu Link မှတစ်ဆင့် (သို့မဟုတ်) http:// paye.ird.gov.mm မှတစ်ဆင့် ဝင်ရောက်၍ လစာဝင်ငွေခွန်တွက်ချက်မှုစနစ် (PAYE Tax Calculator)တွင် ဝင်ရောက်၍ အချက်အလက်များ မှန်ကန်စွာဖြည့်သွင်းပြီးပါက စနစ်မှအလိုအလျောက် တွက်ချက်ပေးသော ဝင်ငွေခွန်ပမာဏကို သိရှိနိုင်မည်ဖြစ်ပါသည်။
- ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာ ဝင်ငွေအပေါ် အောက်ပါနည်းလမ်း ၂ ရပ်အနက် နည်းရာကျသင့်အခွန်ကို ရရှိသည့်နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန်ထမ်းဆောင်ရမည်ဖြစ်ပါသည်-
  - ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ၂၀၂၃ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းထားဖြင့် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်ပေးဆောင်ခြင်း၊
  - ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်း မပြုဘဲ ၂ ရာခိုင်နှုန်းဖြင့် တွက်ချက်ပေးဆောင်ခြင်း။
- သက်ဆိုင်ရာသံရုံး သို့မဟုတ် ကောင်စစ်ဝန်ချုပ်ရုံးတွင် မိမိ၏လစာဝင်ငွေနှင့် စပ်လျဉ်း၍ အခွန်တာဝန်ကျေပွန်လိုသူများ၊ အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေလိုသူ များအနေဖြင့် လစဉ် (သို့) သုံးလတစ်ကြိမ် (သို့) နှစ်စဉ်ပေးဆောင်လိုပါက ပေးဆောင်နိုင်ပါသည်။
- တွက်ချက်သတ်မှတ်သည့် ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏမှ သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏ အခွန်ဥပဒေအရ ပေးဆောင်ခဲ့ရသည့် ဝင်ငွေခွန်ပမာဏကို ခုနှိမ်ခွင့်ရရှိမည်ဖြစ်ပါသည်။
- သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အခွန်ပေးဆောင်ပြီးပါက သက်ဆိုင်ရာသံရုံး/ ကောင်စစ်ဝန်ချုပ်ရုံးမှ အီလက်ထရောနစ်ငွေရပြေစာနှင့် လစာဝင်ငွေခွန် ပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ်တို့ကို ထုတ်ပေးသွားမည် ဖြစ်ပါသည်။